
စာစဉ် – ၄၄
ပန်းမုဆိုး
Flower Stealing Master
ဘာသာပြန် - တာရိုကျောင်းသား

## အခန်း (၇၃၁) ပန်းချီကားထဲမှ လူ

*

တစ်ဖက်လူ၏ စကားကို ကြားသောအခါ ဝမ်ယန်လျန်၏ အဆုတ်များပင် ပေါက်ကွဲထွက်တော့မတတ် ဒေါသထွက်သွားသည်။ ကျင်းနိုင်ငံတွင် လူတစ်ယောက်၏ အောက်၊ လူသောင်းချီ၏ အထက်တွင် ရှိနေသော သူက ဤကဲ့သို့သော စော်ကားမှုကို ဘယ်တုန်းကများ ခံခဲ့ရဖူးလို့လဲ၊

သူ၏ လက်ကို အောက်သို့ တစ်ချက် ဝှေ့ယမ်းလိုက်သည်နှင့် အမိန့်ရရှိသွားသော ဘေးပတ်ဝန်းကျင်ရှိ ကိုယ်ရံတော်များက လေးကြိုးများကို လွှတ်လိုက်ကြပြီး ကောင်းကင် တစ်ခုလုံး ပြည့်နှက်နေသော မြားမိုးများက တစ်ဖက်လူဆီသို့ အဆက်မပြတ် ရွာကျလာတော့သည်။

ဤကိုယ်ရံတော်များမှာ အရေအတွက် အားဖြင့် လူတစ်ရာပင် မပြည့်သော်လည်း မြားပစ်ရာတွင် အလွန် ကျွမ်းကျင်စွာ ပူးပေါင်း လုပ်ဆောင်နိုင်ကြသည်။ သူတို့သည် မြားများကို တစ်ပြိုင်နက်တည်း ပစ်လွှတ်လိုက်ခြင်း မဟုတ်ဘဲ၊ အဖွဲ့အနည်းငယ် ခွဲကာ လေးကြိုးများကို အလှည့်ကျ လွှတ်လိုက်ကြခြင်း ဖြစ်သည်။ အဖွဲ့တစ်ဖွဲ့စီတိုင်းက တမင်တကာ အသက်တစ်ရှူစာ အချိန်လေး နောက်ကျပြီးမှ ပစ်လွှတ်ကြသဖြင့်၊ နောက်ဆုံး အဖွဲ့ ပစ်လွှတ်ပြီးချိန်တွင် ရှေ့ဆုံး အဖွဲ့များက မြားသစ်များ ပြန်လည် တပ်ဆင်ပြီးသားဖြစ်နေပြီ ဖြစ်သည်။ ဤကဲ့သို့ အဆက်မပြတ် လည်ပတ်နေသဖြင့်၊ လုပ်ငန်းစဉ် တစ်ခုလုံးမှာ အနည်းငယ်မျှပင် ဟာကွက် မရှိဘဲ လူဆယ်ဂဏန်းခန့် ပစ်လွှတ်နေသော မြားများက စစ်သည် သောင်းချီ ပစ်လွှတ်နေ

သကဲ့သို့ အရှိန်အဟုန် ပြင်းလှသည်။

"အာ" လေခွင်းသံများနှင့်အတူ အဆက်မပြတ် ပျံသန်းလာသော မြားမိုးများကို ကြည့်ရင်း၊ ဟွမ်ရုံက ပါးစပ်ကို အုပ်ကာ အလန့်တကြား အော်ဟစ်လိုက်မိသည်။ စုန့်ချင်းရှု၏ သိုင်းပညာက အလွန် မြင့်မားကြောင်း သိထားသော်လည်း၊ ဤမျှလောက် သိပ်သည်းသော မြားမိုးများကို မျက်နှာချင်းဆိုင်ရင်ဆိုင်ရမည် ဆိုပါက သူတို့ နှစ်ဦးစလုံး လွတ်မြောက်နိုင်ရန် အလွန်ခက်ခဲမည်ဟု ထင်မှတ်လိုက်မိသည်။

မျက်စိရှေ့ရှိ မြားမိုးများ၏ အရှိန်အဟုန်ကို ကြည့်ရင်း စုန့်ချင်းရှုက တိတ်တဆိတ် ချီးကျူးလိုက်မိသည်။ 'နုကျန်း(ဂျူချန်) လူမျိုးတွေက မွန်ဂိုတွေလိုပဲ စစ်တိုက်ရာမှာ တကယ်ကို ရဲရင့် ကျွမ်းကျင်ကြတာပဲ၊ ဒီ မြင်းစီးမြားပစ် ပညာက တကယ်ကို အံ့မခန်းပဲ'

ဟွမ်ရုံ၏ အလန့်တကြား အော်ဟစ်သံကို ကြားလိုက်ရမှသာ၊ သူမက ထိုလူ၏ နောက်တွင် ရှိနေသေးကြောင်း ဝမ်ယန်လျန် သတိရသွားသည်။ ဤမြားမိုးများ အောက်တွင် ထို ပြိုင်ဘက်ကင်း အလှလေးမှာ မြားပစ်စင် တစ်ခုလို အပေါက်အပြဲတွေ ဖြစ်သွားတော့မှာလား၊ မိမိ အနေဖြင့် သူမ၏ ရနံ့လေးကိုတောင် မရှူရှိုက်ရသေးခင်မှာပင် ဤသို့ ဖြစ်သွားရမည်ကို တွေးမိပြီး၊ ဝမ်ယန်လျန် အလွန် နောင်တရသွားသည်။ သို့သော် ယခု မြားများ ပစ်လွှတ်ပြီးပြီ ဖြစ်ရာ ဘာမှ လုပ်၍ မရနိုင်တော့ပေ၊

သို့သော် ရုတ်တရက် ဝမ်ယန်လျန်၏ မျက်လုံးများ ပြူးကျယ်သွားပြီး၊ မျက်စိရှေ့တွင် ဖြစ်ပေါ်လာသော မြင်ကွင်းက သူ၏ သာမန် အသိဉာဏ် များကို လုံးဝ ပြောင်းပြန် လှန်ပစ်လိုက်သည်။ ထိုလူက ဟွမ်ရုံကို ဖက်ထားလျက် ပေါ့ပေါ့ပါးပါးပင် နောက်သို့ ခြေတစ်လှမ်း ဆုတ်လိုက်သည်။ ချက်ချင်း ဆိုသလိုပင် ကောင်းကင် တစ်ခုလုံး ပြည့်နှက်နေသော မြားမိုးများ

က သူ စောစောက ရပ်နေခဲ့သော နေရာသို့ ကျရောက်လာတော့သည်။ မြားပစ်သူများ အားလုံးမှာ အလွန် ကျွမ်းကျင်သူများ ဖြစ်ကြရာ၊ မူလ နေရာကိုသာ ပစ်မှတ်ထားခြင်း မဟုတ်ဘဲ သူ ရှောင်တိမ်းနိုင်မည့် အရပ်လေးမျက်နှာလုံးကိုပါ ပိတ်ဆို့ ပစ်ခတ်ထားကြသဖြင့်၊ မြားအမြောက်အမြားက သူ၏ နောက်သို့ ထပ်ချပ်မကွာ လိုက်ပါလာကြသည်။

သို့သော် အထူးဆန်းဆုံး ကိစ္စက ဤနေရာတွင် စတင်တော့သည်။ မြားထိပ်ဖျားများက ထိုလူနှင့် ခြေတစ်လှမ်း အကွာအဝေး သို့ ရောက်ရှိနေပြီဖြစ်သော်လည်း၊ ထို ခြေတစ်လှမ်း အကွာအဝေးက လုံးဝ အဆုံးမရှိသကဲ့သို့ဖြစ်နေသည်။ အလွန် မြန်ဆန်စွာ ပျံသန်းလာသော မြားများက ရုတ်တရက် အားလုံး အရှိန် နှေးကျသွားပြီး ခရု တစ်ကောင်ကဲ့သို့ ဖြည်းညှင်းစွာ ထိုလူထံသို့ ချဉ်းကပ်သွားကြသည်။ ဤအရှိန် မျိုးဖြင့် ဆိုလျှင် လိပ် တစ်ကောင်ကိုတောင် ထိအောင် ပစ်နိုင်မည် မဟုတ်ပေ၊

ပတ်ဝန်းကျင်ရှိ လူများ အားလုံး ပါးစပ် အဟောင်းသား ဖြစ်သွားပြီး မျက်စိရှေ့ရှိ မြင်ကွင်းကို အံ့သြ ငေးကြောင်စွာ ကြည့်နေကြသည်။ ဤသည်မှာ တကယ်ကို ထူးဆန်းလွန်းလှသည်။ ဝမ်ယန်လျန်၏ ကိုယ်ရံတော်တပ်ဖွဲ့မှာ စစ်တပ် အတွင်းမှ အထူး ရွေးချယ်ထားသော ရဲရင့်သည့် စစ်သည်တော်များ ဖြစ်ကြပြီး သူတို့ အသုံးပြုသော လေးများမှာလည်း အလွန်အားကောင်းသော လေးများ ဖြစ်သည်။ ဤကဲ့သို့သော လေးများဖြင့် ပစ်လွှတ်လိုက်သော မြားများမှာ သာမန် လူများ၏ အမြင်တွင် ဥက္ကာပျံ တစ်ခုကဲ့သို့ လျင်မြန်လှသည်။ သိုင်းပညာရှင် အချို့ပင်လျှင် အမည်းရောင်အလင်းတန်း တစ်ခု ဖြတ်ပြေးသွားသည်ကိုသာ မြင်လိုက်ရပြီး၊ ချက်ချင်းဆိုသလို အသက်အန္တရာယ် ရှိသော နေရာများကို ထိမှန်သွားလေ့ ရှိသည်။ အမြဲတမ်း အောင်မြင်လေ့ ရှိသော ဤ မြားမိုးများက ယခု ဘာကြောင့်များ

ခရု တစ်ကောင်လို နေးကွေးသွားရသနည်း၊

အိုးရန်ဖုန်းနှင့် မုရုံဘိုတို့၏ မျက်လုံးများ တွင်လည်း သံသယများ ပြည့်နက်နေပြီး၊ တစ်ဖက်လူက ဤအရာ အားလုံးကို ဘယ်လို လုပ်ဆောင်လိုက်သလဲ ဆိုသည်ကို အလျင်အမြန် စဉ်းစားနေကြသည်။

'ခန္ဓာကိုယ် ရှေ့မှာ အတွင်းအားတွေနဲ့ ဖွဲ့စည်းထားတဲ့ လေတံတိုင်း ကြီး တစ်ခု ဖန်တီးလိုက်တာများလား၊'

'မဖြစ်နိုင်ဘူး... ဒီလောကမှာ ခန္ဓာကိုယ်နဲ့ ခြေတစ်လှမ်း အကွာအဝေး မှာ ရှိနေတဲ့ လေတံတိုင်း မျိုး ဘယ်လိုလုပ် ရှိနိုင်မှာလဲ၊ ရှိခဲ့ရင်တောင်မှ... ဒီလောက် အားကောင်းတဲ့ မြားမိုး တွေကို တားဆီးနိုင်မှာ မဟုတ်ဘူး၊'

...

သူတို့ အနေဖြင့် အများကြီး စဉ်းစားနေရန် အချိန်မရှိတော့ပေ၊ အကြောင်းမှာ ထိုလူက ထပ်မံ လှုပ်ရှားလိုက်သောကြောင့် ဖြစ်သည်။ သူက မြားမိုးများ လာရာ လမ်းကြောင်း အတိုင်း ရှေ့သို့ ဖွဖွလေး ခြေတစ်လှမ်း လှမ်းလိုက်ပြန်သည်။ ဤလုပ်ရပ်က အိုးရန်ဖုန်းနှင့် မုရုံဘိုတို့ကို ပို၍ပင် နားမလည်နိုင် ဖြစ်သွားစေသည်။ 'မြားမိုး တွေကို အောင်မြင်စွာ တားဆီး နိုင်ခဲ့ပြီပဲ... ဘာလို့များ မြားထိပ်ဖျား တွေဆီကို ကိုယ်တိုင် သွားတိုးနေရတာ လဲ၊'

ဝမ်ယန်လျန်၏ မျက်နှာပေါ်တွင်တော့ ဝမ်းသာသည့် အရိပ်အယောင်များ ပေါ်လာသည်။ 'ဒီလူ သေချာပေါက် ရူးသွားပြီပဲ၊ မြားထိပ်ဖျား တွေဆီကို ကိုယ်တိုင် သွားတိုးနေတာ... ဟားဟားဟားဟား~'

သို့သော် သူ၏ အပြုံးများက မျက်နှာပေါ်တွင် လျင်မြန်စွာ အေးခဲသွား တော့သည်။ အကြောင်းမှာ သူ ထင်မှတ်ထားသော မြားပေါင်း သောင်းနှင့်ချီ

ထိမှန်သွားသည့် မြင်ကွင်းက ပေါ်မလာသောကြောင့် ဖြစ်သည်။

မဟုတ်သေးဘူး... ထို မြားများက ထိုလူ၏ ခန္ဓာကိုယ်ကို ဖောက်ထွင်း သွားခဲ့သည်။ ဟွမ်ရုံ၏ ခန္ဓာကိုယ်ကိုပင် ဖောက်ထွင်း သွားခဲ့သည်။ သို့သော် သူတို့ နှစ်ဦး၏ ကိုယ်ပေါ်တွင် သွေး တစ်စက်လေးမျှပင် ထွက်မလာခဲ့ပေ၊ မြားများက သူတို့ နှစ်ဦး၏ ခန္ဓာကိုယ်ကို ဖောက်ထွင်း သွားပြီးနောက်၊ ချက်ချင်း ပုံမှန် အရှိန် ပြန်ရသွားပြီး 'ရွှီး... ရွှီး... ရွှီး' ဆိုသည့် အသံများနှင့် အတူ အမည်းရောင် အလင်းတန်းများ အဖြစ် နောက်ဘက်ရှိ သစ်တော ထဲသို့ ပျံသန်း သွားကြတော့သည်။ အချို့သော သစ်ပင်ငယ်လေးများမှာ မြားများပေါ်ရှိ ကြီးမားသော အင်အားကို မခံနိုင်ဘဲ ခါးလယ်မှ ကျိုးကျသွားကြသည်။

သို့သော် စောစောက ခန္ဓာကိုယ် 'ဖောက်ထွင်း' ခံခဲ့ရသော လူနှစ်ယောက်မှာ ထိုနေရာတွင် အကောင်း ပကတိ ရပ်နေကြဆဲ ဖြစ်သည်။

"ဒါ... ဒါ ဘယ်လို မိစ္ဆာပညာ မျိုးလဲ၊"

ဝမ်ယန်လျန် တစ်ယောက်တည်း ထိတ်လန့်နေခြင်း မဟုတ်ဘဲ ပတ်ဝန်းကျင်ရှိ လူများ အားလုံး အံ့သြ တုန်လှုပ် သွားကြသည်။ ဤလူက တကယ်ပဲ မိစ္ဆာ လား... ဒါမှမဟုတ်... နတ်ဘုရား လား၊

ယခုအချိန်တွင် ဟွမ်ရုံ တစ်ကိုယ်လုံး ပျော့ခွေနေပြီး မတ်တတ်ပင် မရပ်နိုင်တော့ဘဲ စုန့်ချင်းရှူ၏ ရင်ခွင်ထဲသို့ လုံးဝ မှီခိုနေရသည်။ စောစောက စုန့်ချင်းရှူက သူမကို ဖက်ကာ မြားမိုးများ ဆီသို့ ခြေလှမ်း လှမ်းလိုက်စဉ်၊ သူမ၏ ပထမဆုံး အတွေးမှာ 'စုန့်ချင်းရှူ ရူးသွားပြီ' ဟူ၍ ဖြစ်ပြီး ဤတစ်ကြိမ်တော့ သေချာပေါက် သေရတော့မည်ဟု ထင်မှတ်ခဲ့သည်။ မရေမတွက်နိုင်သော မြားများက သူမ၏ ခန္ဓာကိုယ်ကို ဖောက်ထွင်း သွားသည်ကို မျက်စိဖြင့် တပ်အပ် မြင်တွေ့ခဲ့ရသော်လည်း၊ သူမ အနည်းငယ်မျှ နာကျင်မှု

ကို မခံစားခဲ့ရပေ၊ သတိပြန်ဝင်လာချိန်တွင် သူတို့ နှစ်ဦးမှာ အကောင်း ပကတိ ရပ်နေကြဆဲ ဖြစ်ပြီး အစကနေ အဆုံးတိုင်အောင် ထိုနေရာမှ လုံးဝ မရွေ့လျားခဲ့သကဲ့သို့ပင်၊

စုန့်ချင်းရှုက အသာပြုံးလိုက်ပြီး ဝမ်ယန်လျန်ကို ကြည့်ကာ ပြောလိုက် သည်။ "အခုရော... ငါက မင်းကို မသတ်နိုင်ဘူးလို့ ထင်နေသေးလား၊"

ထိုအခါမှသာ ဝမ်ယန်လျန် သတိပြန်ဝင်လာပြီး အလန့်တကြား အော်ဟစ် လိုက်သည်။ "ဆရာကြီး အိုးရန်၊ ဆရာကြီး မုရုံ... ကျုပ် အတွက် သူ့ကို သတ် ပေးကြပါ။"

အိုးရန်ဖုန်းနှင့် မုရုံဘိုတို့ အချင်းချင်း ကြည့်လိုက်မိကြပြီး တစ်ယောက် မျက်လုံးထဲရှိ စိုးရိမ် ထိတ်လန့်မှုများကို အခြား တစ်ယောက်က ရှင်းလင်း စွာ မြင်တွေ့နေရသည်။ သို့သော် သူတို့ နှစ်ဦးစလုံးမှာ သိုင်းလောကတွင် အမြင့်ဆုံး အဆင့်သို့ ရောက်ရှိနေသူများ ဖြစ်ကြရာ၊ သာမန် စစ်သားများ ကဲ့သို့ တိုက်ခိုက်လိုစိတ်များ ပျောက်ဆုံးသွားခြင်း မရှိပေ၊

အထူးသဖြင့် အိုးရန်ဖုန်းသည် တစ်ဖက်လူမှာ စုန့်ချင်းရှု ဖြစ်ကြောင်း သိ ထားသဖြင့်၊ စုန့်ချင်းရှု၏ သိုင်းပညာက သူ့ထက် ထိုမျှလောက် များစွာ သာလွန်နေလိမ့်မည်ဟု လုံးဝ မယုံကြည်ပေ၊ စောစောက လုပ်ရပ်မှာ သူ မ သိသော မျက်လှည့်ပညာ တစ်ခုခုကို အသုံးပြုသွားခြင်း ဖြစ်မည်မှာ သေချာ သည်။ မိမိ၏ အတွေးကို အတည်ပြုရန် အတွက် အိုးရန်ဖုန်းက အော်သံ တစ်ချက် ပြုလုပ်ကာ စုန့်ချင်းရှုဆီသို့ ခုန်ဝင်သွားတော့သည်။

အခြား တစ်ဖက်ရှိ မုရုံဘို၏ မျက်မှောင်များလည်း တွန့်သွားသည်။ ဤလူ က သူ့ကို အလွန် နက်နဲသော ခံစားချက်ကို ပေးစွမ်းနေသော်လည်း၊ အကယ်၍ ယနေ့ သူသာ ဝင်မတိုက်ရဲဘူး ဆိုလျှင်... နောင်တစ်ချိန်တွင် သူ၏ သိုင်းပညာများ လုံးဝ တိုးတက်လာတော့မည် မဟုတ်ကြောင်း သူ

ကောင်းကောင်း သိသည်။ ထို့ကြောင့် အနည်းငယ် တွေဝေပြီးနောက် အိုးရန်ဖုန်း၏ နောက်မှ ထပ်ချပ်မကွာ လိုက်ပါကာ တိုက်ခိုက်လိုက်တော့သည်။ သူသည် အိုးရန်ဖုန်း ကဲ့သို့ စုန့်ချင်းရှူဖြစ်မှန်း မသိသော်လည်း၊ ယုံကြည်မှု အပြည့် ရှိနေဆဲ ဖြစ်သည်။ အကြောင်းမှာ အနောက်ပိုင်းအဆိပ်ဘုရင် အိုးရန်ဖုန်းနှင့် သူ ပူးပေါင်းလိုက်မည် ဆိုလျှင်၊ တစ်ဖက်လူ၏ သိုင်းပညာ မည်မျှပင် မြင့်မားနေပါစေ ဘာမှ ကြောက်စရာ မလိုဟု သူ ထင်မှတ်ထားသောကြောင့် ဖြစ်သည်။

သူတို့ နှစ်ဦး တစ်ပြိုင်နက်တည်း ခုန်ဝင်လာသည်ကို မြင်သောအခါ စုန့်ချင်းရှူ ရင်ထဲတွင် တိတ်တဆိတ် ညည်းတွားလိုက်မိသည်။ 'ဒီတစ်ခါတော့ ဟန်ထုတ်တာ လွန်သွားလို့ မိုးကြိုး ပစ်ခံရတော့မယ် ထင်တယ်။'

စောစောက သူ လုပ်ပြခဲ့သော အလွယ်တကူ နောက်ဆုတ်၊ ရှေ့တိုးလှုပ်ရှားမှုများမှာ... တကယ်တမ်း တွင်တော့ အတွင်းအားများကို အလွန်ပင် ကုန်ဆုံးစေသည်။ ယခု သူ၏ ကိုယ်တွင်းတွင် ပုံမှန် အတွင်းအား၏ ဆယ်ပုံ တစ်ပုံမျှပင် မကျန်တော့ပေ၊ အစကတော့ ကျူးကော့လျန် ကဲ့သို့ 'မြို့လွတ် အစီအစဉ်' ကို အသုံးပြုကာ ဤလူများကို ခြောက်လှန့် မောင်းထုတ်ရန် စိတ်ကူးထားခဲ့သော်လည်း၊ ဤ ခေါင်းမာသော လူနှစ်ယောက် ရောက်လာလိမ့်မည်ဟု ဘယ်သူ ထင်မည်နည်း၊

သို့သော် စုန့်ချင်းရှူ နောင်တ မရခဲ့ပေ၊ စောစောက မြားမိုးများကို ရင်ဆိုင်ရချိန်တွင် သူ့အနေဖြင့် အခြား လွယ်ကူသော ရှောင်တိမ်းမည့် နည်းလမ်းများ ရှိခဲ့သည်။ သို့သော် ဤရက်ပိုင်း အတွင်း ကျန်းဆန်းဖုန်းနှင့် အတူတူ နေထိုင်ကာ သူ၏ သွန်သင် ဆုံးမမှုများကို နေ့စဉ် ကြားနာခဲ့ရသည့် အပြင်၊ ဤရက်များ အတွင်း ဟွမ်ရုံနှင့် ချစ်ရည်လူးစဉ် သူမ၏ ခန္ဓာကိုယ်မှ အလွန် ပြင်းထန်သော စွမ်းအင်များကို ရရှိခဲ့သဖြင့်၊ သူ၏ သိုင်း

ပညာ အဆင့်အတန်းက နောက်တစ်ဆင့်သို့ တက်လှမ်းတော့မည့် အရိပ်အယောင်များ ခံစားနေရသည်။

ယခင်ဘဝက သူ ဖတ်ခဲ့ဖူးသော အွန်လိုင်း ဝတ္ထု တစ်အုပ်ထဲမှ ပိုင်ဟယ်ချိုး ဆိုသည့် ဇာတ်ကောင်ကို သူ သေချာ မှတ်မိနေသေးသည်။ အထူးသဖြင့် သူ၏ 'ပန်းချီကားထဲမှ လူ' သီအိုရီ ပင် ဖြစ်သည်။ လောကရှိ သိုင်းပညာရှင် အားလုံး နီးပါးမှာ 'ပန်းချီကား' ထဲတွင် ရှိနေကြပြီး မည်မျှပင် အစွမ်းထက်နေပါစေ ပန်းချီကား ထဲမှ ခုန်ထွက်သွားသူကို အနည်းငယ်မျှပင် ထိခိုက်အောင် လုပ်နိုင်စွမ်း မရှိတော့ပေ…

သိုင်းပညာ အဆင့်အတန်း ပိုမို မြင့်မားလာသည်နှင့် အမျှ စုန့်ချင်းရှူသည် အရင်က စိတ်ကူးယဉ် ဆန်သည်ဟု ထင်ရသော ဤအရာများကို မကြာခဏ စဉ်းစားလာမိသည်။ စောစောက သိပ်သည်းသော မြားမိုးများကို ရင်ဆိုင်ရချိန်တွင် သူ၏ ရင်ထဲတွင် ရုတ်တရက် စိတ်ကူး တစ်ခု ပေါ်လာခဲ့သဖြင့် ထိုသို့ နောက်ဆုတ်၊ ရှေ့တိုး လှုပ်ရှားမှုများကို ပြုလုပ်ခဲ့ခြင်း ဖြစ်သည်။

'ပန်းချီကား ထဲက လူ ဆိုတာ… တကယ်တော့ မတူညီတဲ့ ဒိုင်မေးရှင်းတွေ ထဲမှာ ရှိနေတာကို ပြောတာပဲ…' စုန့်ချင်းရှူသည် ဒိုင်မေးရှင်း(လေဟာနယ်)ဥပဒေသ၏ တံခါးပေါက်ကြီးကို အဝေးမှ လှမ်းမြင်လိုက်ရသကဲ့သို့ ခံစားလိုက်ရသည်။ သို့သော် သေချာ ပြန်စဉ်းစားကြည့်သောအခါ ခေါင်းထဲတွင် ရှုပ်ထွေးနေဆဲ ဖြစ်ပြီး တံခါးပေါက်ကို အဝေးမှသာ လှမ်းမြင်ရပြီး၊ တံခါးကိုပင် မထိတွေ့ရသေးသကဲ့သို့ ဖြစ်နေသည်။

စုန့်ချင်းရှူသည် စောစောက သူ၏ နောက်ဆုတ်၊ ရှေ့တိုး လှုပ်ရှားမှုများ၏ နက်နဲသော အဓိပ္ပါယ်များကို အလျင်အမြန် ပြန်လည် စဉ်းစားနေသဖြင့် အိုးရန်ဖုန်းတို့နှင့် သိုင်းပြိုင်ရန် အချိန်မရှိတော့ပေ၊ ထို့အပြင် သူ၏ ယခု

အခြေအနေဖြင့် ဆိုလျှင် တစ်ယောက်တည်းကိုတောင် မယှဉ်နိုင်ရာ နှစ်ယောက် ပေါင်းကို ဆိုလျှင် ပို၍ပင် မပြောနှင့်တော့၊ ထို့ကြောင့် ဟွမ်ရုံ၏ ခါးလေးကို ဖက်ကာ ကျယ်လောင်စွာ ရယ်မောလိုက်ပြီး ပြောလိုက်သည်။ "အလှလေးနဲ့ ချိန်းထားတာ ရှိလို့... ဆက်ပြီး အဖော် မပြုပေးနိုင်တော့ဘူး~"

စကားဆုံးသည်နှင့် တစ်ပြိုင်နက် သူ၏ လူရိပ်မှာ ပေပေါင်းများစွာ အကွာအဝေးသို့ ရောက်ရှိနေပြီ ဖြစ်သည်။ မုရုံဘိုနှင့် အိုးရန်ဖုန်းတို့မှာ အတွေ့အကြုံ အလွန် ရင့်ကျက်သူများ ဖြစ်ကြရာ သူ၏ ရယ်မောသံ ထဲမှ တစ်ဖက်လူ၏ အတွင်းအား မလုံလောက်တော့ကြောင်း ချက်ချင်း ရိပ်မိသွားကြသည်။ ဤကဲ့သို့ ကောင်းကင်က ပေးသော အခွင့်အရေးကောင်းကို ဘယ်လိုလုပ် လက်လွှတ်ခံနိုင်မည်နည်း၊ ဝမ်ယန်လျန်၏ အမိန့်ကိုပင် မစောင့်တော့ဘဲ ရှေ့ဆင့်နောက်ဆင့် တောင်ပေါ်သို့ ပြေးတက်သွားကြတော့သည်။

သူတို့ တောင်ပေါ်သို့ ပြေးတက်သွားသည်ကို မြင်သောအခါ ဝမ်ယန်လျန်၏ မျက်နှာ မည်းမှောင်သွားပြီး ရယ်မောလိုက်သည်။ "ဟီးဟီး... ဒီတောင်က လမ်းဆုံး နေရာပဲ၊ မင်းတို့ ဘယ်ကို ထွက်ပြေးမလဲ ဆိုတာကို ကျုပ်စောင့်ကြည့်ရသေးတာပေါ့၊" ပြောပြီးသည်နှင့် ကိုယ်ရံတော်များကို ခေါ်ဆောင်ကာ နောက်မှ အတူတူ လိုက်ပါသွားတော့သည်။

***

# အခန်း (၇၃၂) ရှန်းရို့ ဆိုတာ ဘယ်သူလဲ

*

စုန့်ချင်းရှု၏ ဖက်ထားမှုဖြင့် ထွက်ပြေးနေစဉ် သူ၏ အသက်ရှူသံများ အနည်းငယ် မမှန်တော့ကြောင်း၊ ပုံမှန် အချိန်များလို ပေါ့ပေါ့ပါးပါး မရှိတော့ကြောင်း ဟွမ်ရုံ ရှင်းလင်းစွာ ခံစားမိသဖြင့် စိုးရိမ်တကြီး မေးလိုက်သည်။ "ရှင်... ဘာဖြစ်လို့လဲ၊"

စုန့်ချင်းရှုက ခါးသက်သက် ပြုံးလိုက်သည်။ "စောစောက ဟန်လုပ်တာ လွန်သွားလို့... အခု ကိုယ်တွင်းက အတွင်းအားတွေ အကုန်လုံး နီးပါး ကုန်သွားပြီ၊"

"အာ၊" ဟွမ်ရုံ လန့်ပြီး အော်လိုက်သော်လည်း သူ၏ မျက်နှာပေါ်တွင် အနည်းငယ်မျှ စိုးရိမ် ထိတ်လန့်သည့် အရိပ်အယောင် မတွေ့ရသည်ကို သတိပြုမိသွားသဖြင့် သိချင်စိတ်ဖြင့် မေးလိုက်သည်။ "ဒီလို ဖြစ်နေတာတောင်... ရှင်က ဘာလို့ နည်းနည်းလေးမှ စိုးရိမ်ပုံ မပေါ်ရတာလဲ၊"

"ငါက ဘာကိစ္စ စိုးရိမ်ရမှာလဲ၊" စုန့်ချင်းရှုက ပေါ့ပေါ့ပါးပါး ပြုံးလိုက်ပြီး "အခု ငါက သူတို့ကို မနိုင်တော့ဘူး ဆိုပေမယ့်၊ သူတို့ကလည်း ငါ့ကို သေချာပေါက် မီအောင် လိုက်နိုင်မှာမှ မဟုတ်တာ၊"

"ရှင် တစ်ယောက်တည်း ပြေးမယ် ဆိုရင်တော့ သူတို့ သေချာပေါက် မီမှာ မဟုတ်ဘူးပေါ့၊ ဒါပေမယ့် ကျွန်မကို ခေါ်သွားရင်တော့ မသေချာဘူးလေ၊" ဟွမ်ရုံက သက်ပြင်းချလိုက်သည်။

"ရုံအာ... ငါ့ကို စမ်းသပ်မနေနဲ့တော့၊ မင်း တစ်ယောက်တည်းကို ထားခဲ့ပြီး ငါ ဘယ်လိုလုပ် ထွက်ပြေးရက်မှာလဲ၊" စုန့်ချင်းရှုက လေးနက်သော အသံဖြင့် ပြန်ဖြေလိုက်သည်။

ဟွမ်ရုံက တံတွေးထွေးလိုက်သည်။ "ဘယ်သူကများ ရှင့်ကို စမ်းသပ်နေလို့လဲ၊ ရှင် ကျွန်မကို ထားမသွားဘူး ဆိုတာ ကျွန်မ သိတယ်။ ကျွန်မကို ဝမ်ယန်လျန် ဖမ်းသွားမှာကို... ရှင်ဘယ်လို အပြစ်ခံမှာလဲ" နောက်ပိုင်း စကားလုံးများမှာ မကြားရလောက်အောင် တိုးညင်းသွားတော့သည်။

"ဒါပေါ့... ဘယ်လိုလုပ် အပြစ်ခံရက်မှာလဲ၊" စုန့်ချင်းရှုက ဟားတိုက်ရယ်မောလိုက်သည်။

ဟွမ်ရုံ၏ မျက်နှာလေး နီရဲသွားပြီး ချက်ချင်း ခေါင်းလွှဲသွားသော်လည်း၊ သူ၏ ဝန်ထုပ်ဝန်ပိုးကို လျှော့ချပေးရန် အတွက် လက်နှစ်ဖက်ဖြင့် သူ၏ လည်ပင်းကို အလိုအလျောက် သိုင်းဖက်လိုက်မိသည်။

အချိန်မည်မျှ ကြာသွားသည် မသိ၊ လမ်းတစ်လျှောက်လုံးတွင် အိုးရန်ဖုန်းတို့ အဖွဲ့က အဝေးမှ နောက်ယောင်ခံ လိုက်လာသည်ကို ဟွမ်ရုံ မြင်တွေ့နေရသည်။ သူတို့ကို ဖြတ်ကျော် သွားနိုင်ခြင်း မရှိသည့်အပြင် အကွာအဝေးက ပို၍ပင် နီးကပ်လာနေသည်။ သူမ အလွန် စိုးရိမ် ပူပန်နေချိန်တွင် စုန့်ချင်းရှု ရပ်တန့်သွားသည်ကို ရုတ်တရက် သတိထားမိလိုက်သဖြင့်၊ အလျင်အမြန် နောက်လှည့်ကြည့်လိုက်ရာ ဝိညာဉ်များ လွင့်ထွက်မတတ် လန့်သွားတော့သည်။ အကြောင်းမှာ သူတို့ နှစ်ဦးမှာ ချောက်ကမ်းပါး တစ်ခု၏ အစွန်းတွင် ရောက်ရှိနေပြီး ဘေးပတ်ဝန်းကျင်ကို ကြည့်လိုက်လျှင် အားလုံးက လမ်းဆုံး နေရာများ ဖြစ်နေကြောင်း တွေ့လိုက်ရသောကြောင့် ဖြစ်သည်။

'ဒီနေ့ တကယ်ပဲ ဒီမှာ သေရတော့မှာလား၊'

ဝမ်ယန်လျန်၏ လက်ထဲသို့ ကျရောက်သွားမည်ထက် စာလျှင် ဟွမ်ရုံသည် သေခြင်းကိုသာ ပို၍ လိုလားမိသည်။ သို့သော် လျင်မြန်စွာပင် သူမ တစ်ခုခု မှားယွင်းနေကြောင်း သတိထားမိလိုက်သည်။ အကြောင်းမှာ စုန့်ချင်းရှူ၏ မျက်နှာထားမှာ အလွန် တည်ငြိမ်လွန်းနေသည်။ မျက်စိရှေ့ရှိ အခက်အခဲကို အနည်းငယ်မျှ ဂရုစိုက်ပုံ မရလောက်အောင် တည်ငြိမ်နေခြင်း ဖြစ်သည်။

"ရှင်က ဒီနေရာကို တမင်တကာ ရွေးပြီး ထွက်ပြေးလာတာလား၊" ဤ အစီအစဉ် တစ်ခုလုံးကို စုန့်ချင်းရှူ ကိုယ်တိုင် ရေးဆွဲခဲ့ခြင်း ဖြစ်ရာ၊ ဤ နေရာက လမ်းဆုံး နေရာ ဆိုသည်ကို သူမသိစရာ အကြောင်းမရှိကြောင်း ဟွမ်ရုံ ရုတ်တရက် သတိရသွားသည်။ မည်သို့ ထွက်ပြေး လွတ်မြောက်ရ မည်ကို သူမ လုံးဝ စဉ်းစား၍ မရနိုင်သော်လည်း၊ အရင်က စုန့်ချင်းရှူ ဖန်တီးခဲ့သော အံ့ဖွယ် အဖြစ်အပျက်များကို ပြန်တွေးမိသောအခါ၊ သူမ၏ ရင်ထဲတွင် အလိုအလျောက် စိတ်အေးသွားတော့သည်။

"ရုံအာ... မင်း ငါ့ကို ယုံလား၊" စုန့်ချင်းရှူက လေးနက်စွာ မေးလိုက်သည်။

ဟွမ်ရုံ၏ မျက်နှာလေး နီရဲသွားပြီး ရုတ်တရက် ရှက်သွေးဖြာသွားကာ ချွဲနွဲ့ စွာ ပြောလိုက်သည်။ "ရှင် ဆိုတဲ့ လူယုတ်မာက အောက်တန်းကျပြီး အရှက် မရှိတာ၊ ရှင့် စကားတွေက ယုံစရာ တစ်ခွန်းမှ မရှိဘူး၊"

စုန့်ချင်းရှူမှာ ရယ်ရမလို ငိုရမလို ဖြစ်သွားတော့သည်။ "မင်း ဘာတွေ လျှောက်တွေးနေတာလဲ၊ ငါက မင်းကို ဒုက္ခမပေးဘူး ဆိုတာကို မင်း ယုံကြည်လား လို့ မေးတာပါ။"

ထိုအခါမှသာ သူမ တွေးတာ လွဲသွားကြောင်း ဟွမ်ရုံ သတိပြုမိသွားပြီး ပါးပြင် နှစ်ဖက်လုံး နီရဲသွားကာ အရှက်တကွဲဖြင့် ပြန်ဖြေလိုက်သည်။ "ယုံ... ယုံပါတယ်။"

"ဒါဆိုရင် ကောင်းတာပေါ့၊" စုန့်ချင်းရှူလည်း သက်ပြင်းချနိုင်သွားသည်။

"ခဏနေ ငါ မင်းကို ဘာလုပ်ခိုင်းခိုင်း၊ ငါ ပြောတဲ့အတိုင်းသာ လုပ်ပါ။ နည်းနည်းလေးမှ မတွေဝေနဲ့၊"

"အခု ရှေ့မှာ သွားစရာ လမ်းမရှိတော့ဘူး၊ နောက်မှာလည်း ရန်သူတွေ လိုက်လာပြီ၊ ရှင့်မှာ တကယ် ဘယ်လို ထွက်ပြေးမယ့် နည်းလမ်း ရှိနေလို့လဲ၊" ဟွမ်ရုံ၏ ရင်ထဲတွင် သိချင်စိတ်များ ပြည့်နှက်နေသည်။

စုန့်ချင်းရှုက နားလည်ရခက်သော အပြုံးတစ်ခုဖြင့် ပြုံးလိုက်ပြီး ရှင်းပြမနေဘဲ လုံးဝ မသက်ဆိုင်သော စကားတစ်ခွန်းကို ပြောလိုက်သည်။ "လမ်းဆုံး နေရာ မဟုတ်ရင်... ရန်သူတွေကို ဒီလောက် လွယ်လွယ်နဲ့ ဘယ်လိုလုပ် ဖြတ်ကျော် နိုင်ပါ့မလဲ၊"

ဟွမ်ရုံမှာ သူ၏ စကားထဲမှ အဓိပ္ပါယ်ကို သေချာ မစဉ်းစားနိုင်သေးခင်မှာပင် အိုးရန်ဖုန်းနှင့် မုရုံဘိုတို့ နှစ်ယောက် ရောက်ရှိလာကြပြီ ဖြစ်သည်။ သူတို့ နှစ်ယောက်က ချက်ချင်း ဝင်မတိုက်ခိုက်သေးဘဲ ပေအနည်းငယ် အကွာတွင် ရပ်လိုက်ကြပြီး၊ စုန့်ချင်းရှုနှင့် ဟွမ်ရုံတို့ကို အလယ်တွင် ထားကာ ဝိုင်းရံထားလိုက်ကြသည်။

"ဟီးဟီး... ကောင်စုတ်လေး... မင်း အခု ထွက်ပြေးစရာ လမ်းမရှိတော့ဘူး၊ အခု အခြေအနေအထိ ရောက်နေပြီ ဆိုမှတော့... ဟွမ်ရုံကိုသာ လွှဲပေးလိုက်ပါ။ မင်းကို ဘာမှ အန္တရာယ် မပြုဘူးလို့ ငါ အာမခံနိုင်တယ်။"

ဤမျှလောက် အချိန်ကြာအောင် လိုက်လာခဲ့ရသဖြင့် စုန့်ချင်းရှုမှာ ယခုအခါ အလွန် အားနည်းနေပြီ ဖြစ်ပြီး မိမိနှင့် မုရုံဘိုတို့ ပူးပေါင်း တိုက်ခိုက်မှုကို လုံးဝ ခုခံနိုင်မည် မဟုတ်ကြောင်း အိုးရန်ဖုန်းလည်း ရိပ်မိနေပြီ ဖြစ်သည်။ သူသည် စုန့်ချင်းရှုနှင့် အတော်လေး ရင်းနှီးသော ဆက်ဆံရေး တစ်ခု ရှိခဲ့ဖူးပြီး ယခု သူတို့ နှစ်ဦး ဓားသွေးရမည့် အခြေအနေ ရောက်နေရခြင်း၏ တစ်ခုတည်းသော အကြောင်းရင်းမှာ ဟွမ်ရုံပင် ဖြစ်သည်။ တစ်

ယောက်က သူမကို ချက်ချင်း သတ်ပစ်ချင်နေပြီး နောက်တစ်ယောက်ကတော့ သူမကို နေရာတကာ ကာကွယ်ပေးနေသည်။ သူတို့ နှစ်ဦးစလုံးက ဤအချက်ကို ကောင်းကောင်း သိထားကြသဖြင့် စုန့်ချင်းရှုက အိုးရန်ဖုန်းကို တစ်ခါမှ အပြစ်မတင်ခဲ့သလို၊ အိုးရန်ဖုန်းကလည်း စုန့်ချင်းရှု၏ သရုပ်မှန်ကို ကျင်းနိုင်ငံ ဘက်သို့ လျှို့ဝှက်ပေးထားခဲ့သည်။

အခြား တစ်ဖက်ရှိ မုရုံဘိုကတော့ မျက်မှောင် အနည်းငယ် ကြုတ်သွားသည်။ 'ခုနက ဒီလူက ဝမ်ယန်လျန်ကို အကြီးအကျယ် စော်ကားခဲ့တာ၊ တကယ်လို့ ငါတို့ လက်ထဲ ရောက်လာရင်တောင်... ဝမ်ယန်လျန်က သူ့ကို အသက်ရှင်ခွင့် ပေးပါ့မလား၊ အိုးရန်ဖုန်းက ဒီအချက်ကို မသိတာ မဖြစ်နိုင်ဘူး၊ သူ အခုလို ပြောတာက... တစ်ဖက်လူရဲ့ တိုက်ခိုက်လိုစိတ် တွေကို ဖြိုခွဲပစ်ဖို့ အတွက်များလား၊'

မုရုံဘိုက လျင်မြန်စွာပင် အဓိပ္ပါယ် ရှိသော ရှင်းလင်းချက် တစ်ခုကို ရှာတွေ့သွားခဲ့သည်။ သို့သော် အိုးရန်ဖုန်း၏ ဤစကားများမှာ ရင်တွင်းမှ အမှန်တကယ် ထွက်ပေါ်လာခြင်း ဖြစ်ကြောင်း သူ ဘယ်လိုလုပ် သိနိုင်မည်နည်း။

"ဆရာကြီး အိုးရန်ရဲ့ စေတနာကို ကျေးဇူးတင်ပါတယ်။ ဒါပေမယ့် ကျွန်တော်နဲ့ ကော်သခင်မတို့က ရေစက် ပါလာလို့... သေဘေး ကြုံနေတာကို ဘယ်လိုလုပ် မကယ်ဘဲ နေနိုင်မှာလဲ။" စုန့်ချင်းရှု က ခေါင်းခါပြလိုက်သည်။

"ကာမဂုဏ် ရမ္မက် ဆိုတာ ဓားတစ်လက် ပါပဲ၊ မင်းမှာ တောက်ပတဲ့ အနာဂတ်တွေ ရှိနေသေးတာကို... ဒီ အိမ်ထောင်ရှင်မ တစ်ယောက် အတွက်နဲ့ ဘာလို့ အလကား အချိန်ဖြုန်း နေရတာလဲ၊" အိုးရန်ဖုန်းကလည်း သူတို့ နှစ်ဦး ကြားမှ ပုံမှန်မဟုတ်သော အခြေအနေကို ရိပ်မိနေသည်။

သို့သော် ဟွမ်ရုံသည် အမြဲတမ်း ကိုယ့်ကိုယ်ကိုယ် တန်ဖိုးထားသူ တစ်ယောက် ဖြစ်သဖြင့် သူတို့ နှစ်ဦး ကြားတွင် လူ့ကျင့်ဝတ်များနှင့် ဆန့်ကျင်သော ကိစ္စများ ဖြစ်ပျက်ခဲ့လိမ့်မည်ဟု သူ လုံးဝ မထင်မှတ်ခဲ့ပေ၊ စုန့်ချင်းရှူက ဟွမ်ရုံ၏ အလှအပ ကြောင့် စိတ်နှလုံး တွေဝေသွားခြင်း ဖြစ်မည်ဟုသာ ထင်မှတ်လိုက်သည်။ အရင်က အိုးရန်ခဲ့လည်း ဟွမ်ရုံကို အရူးအမူး ဖြစ်ခဲ့ပြီး နောက်ဆုံးတွင် အသက်ပါ ဆုံးရှုံးခဲ့ရသည်ကို ပြန်တွေးမိသောအခါ၊ အိုးရန်ဖုန်း၏ မျက်နှာထား ပိုမို ဆိုးရွားလာတော့သည်။

'အိမ်ထောင်ရှင်မ' ဆိုသည့် စကားလုံး လေးလုံးက ဟွမ်ရုံ၏ ရင်ထဲသို့ ချွန်ထက်သော ဓားများကဲ့သို့ တစ်ချောင်းပြီး တစ်ချောင်း ထိုးစိုက်ဝင်လာရာ၊ သူမ၏ မျက်နှာလေး ချက်ချင်း ဖြူရော်သွားတော့သည်။

စုန့်ချင်းရှူက သူမ၏ ပခုံးလေးကို ဖွဖွလေး ပုတ်ကာ အသံကျယ်ကျယ်ဖြင့် ပြောလိုက်သည်။ "ဆရာကြီး အိုးရန်ရဲ့ စကားက မှားနေပါပြီ၊ ကော်သခင်မက လောကရဲ့ အလှအပတွေ၊ ဉာဏ်ပညာတွေ အားလုံးကို ပေါင်းစုထားတဲ့သူပါ။ ဒီ လူ့လောက ကြီးထဲမှာ တွေ့ရခဲတဲ့ နတ်သမီးလေး တစ်ပါးပဲ၊ သာမန် အိမ်ထောင်ရှင်မတွေနဲ့ ဘယ်လိုလုပ် နှိုင်းယှဉ်လို့ ရမှာလဲ၊"

မိမိထက် အသက် အတော်လေး ငယ်သော လူငယ်လေး တစ်ယောက်၏ ဤကဲ့သို့ ချီးကျူးမှုကို ခံရသောအခါ ဟွမ်ရုံမှာ မနေနိုင်ဘဲ အလွန် ရှက်သွေးဖြာသွားမိသည်။ စုန့်ချင်းရှူ၏ ဘေးတစောင်း မျက်နှာလေးကို ခိုးကြည့်ရင်း 'သူက မိန်းမတွေ သဘောကျအောင် ဘယ်လို ပြောရမလဲ ဆိုတာကို အရမ်းသိတာပဲ၊ ဒါကြောင့် သူ့ဘေးမှာ လှပတဲ့ ချစ်သူတွေ အများကြီး ရှိနေတာ မဆန်းဘူး' ဟု စိတ်ထဲတွင် တွေးလိုက်မိသည်။

ဖြောင်း၊ ဖြောင်း၊ ဖြောင်း

လက်ခုပ်တီးသံများ ထွက်ပေါ်လာပြီး ရောက်ရှိလာသော ဝမ်ယန်လျန်က

စုန့်ချင်းရှု၏ မှတ်ချက်ကို အတိအကျ ကြားလိုက်ရသဖြင့် အံ့သြ ချီးကျူးစွာ ပြောလိုက်သည်။ "မင်းရဲ့ ဒီစကားတွေက ငါရဲ့ စိတ်နဲ့ အရမ်းကို ထပ်တူကျနေတာပဲ၊ မင်းနဲ့ငါသာ ရန်သူတွေ မဖြစ်ခဲ့ဘူး ဆိုရင်... မင်းနဲ့ အရက်အတူတူ သောက်ပြီး မိတ်ဆွေ ဖွဲ့ချင်မိတယ်။"

"မလိုပါဘူး၊" စုန့်ချင်းရှုက လက်ကာပြလိုက်ပြီး "မင်းလို လူမျိုးနဲ့ ဘယ်သူကများ သူငယ်ချင်း လုပ်ချင်မှာလဲ၊ အဲဒီလူရဲ့ မိန်းမကတော့ အန္တရာယ် များနေပြီ၊ မင်းသား ဆီမှာ ဒီလို ထူးဆန်းတဲ့ အကြိုက်မျိုး ရှိတယ် ဆိုတာ ကြားဖူးတာ ကြာပါပြီ၊ ငါကတော့ ဇနီး လုပယူခံရတဲ့ အဖြစ်မျိုး မဖြစ်ချင်ဘူး၊"

စုန့်ချင်းရှုက ဝမ်ယန်လျန်ကို လှောင်ပြောင်လိုက်သည်ကို ကြားသောအခါ ဟွမ်ရုံမှာ မနေနိုင်ဘဲ မျက်လုံးလေး လှန်ကြည့်လိုက်မိပြီး၊ စိတ်ထဲတွင် ဒေါသတကြီး ကျိန်ဆဲလိုက်သည်။ 'ရှင့်ဆီမှာရော... အဲဒီလို ထူးဆန်းတဲ့ အကြိုက်မျိုး မရှိဘူးလို့ ပြောနေတဲ့ အတိုင်းပဲ၊'

လက်အောက်ငယ်သားများ၏ ထူးဆန်းသော အကြည့်များကို သတိထားမိလိုက်သောအခါ ဝမ်ယန်လျန် အလွန် ဒေါသထွက်သွားတော့သည်။ "မျက်နှာသာ ပေးတာကို မသိတတ်တဲ့ကောင်၊ ဒီ အရူးကို တစ်စစီ ဖြစ်အောင် ခုတ်ထစ်ပစ်လိုက်ကြ၊"

"ဟုတ်ကဲ့ပါ။"

စောစောက စုန့်ချင်းရှု ပြသခဲ့သော အံ့မခန်း သိုင်းပညာများ ရှိနေသော်လည်း ဝမ်ယန်လျန်၏ စစ်တပ် အုပ်ချုပ်မှုမှာ အလွန် တင်းကျပ်ပြီး၊ ဤ ကိုယ်ရံတော်များမှာလည်း အတော်ဆုံး စစ်သည်များ ဖြစ်ကြရာ ရင်ထဲတွင် အနည်းငယ် ကြောက်ရွံ့နေသော်လည်း အမိန့်ကိုတော့ တိကျပြတ်သားစွာ လိုက်နာကြသည်။ တပ်ဖွဲ့ ပုံစံ ဖွဲ့စည်းကာ သူတို့ နှစ်ဦးထံသို့ တဖြည်းဖြည်း ချဉ်းကပ်လာကြသည်။

"ဝမ်းနည်းစရာ ကောင်းတာက မင်းရဲ့ ဆန္ဒတွေ ပြည့်ဝနိုင်တော့မှာ မဟုတ်ဘူး၊" စုန့်ချင်းရှုက အသာပြုံးလိုက်ပြီး အနီးအနားရှိ ကျောက်တုံးကြီး တစ်ခု အောက်မှ ပစ္စည်း တစ်ခုကို ထုတ်ယူလိုက်သည်။

"စွန်၊" သူ၏ လက်ထဲရှိ ပစ္စည်း၏ ပုံစံကို တွေ့လိုက်ရသောအခါ ဟွမ်ရုံ အလွန် အံ့ဩသွားသည်။

"ဒါက စွန် မဟုတ်ဘူး၊ ဂလိုက်ဒါ(Glider) လို့ ခေါ်တယ်။" စုန့်ချင်းရှုက ပြင်ပေးလိုက်သည်။

"ဂလိုက်ဒါ" ဟွမ်ရုံ ဇဝေဇဝါ ဖြစ်သွားသည်။ ဤကဲ့သို့သော ပစ္စည်းမျိုးကို သူမ အရင်က တစ်ခါမှ မကြားဖူးပေ၊

အခြား တစ်ဖက်ရှိ ဝမ်ယန်လျန်ကတော့ ဟားတိုက် ရယ်မောတော့သည်။ "မင်းက ဒီ စွန်ကို သုံးပြီး ချောက်ကမ်းပါး အောက်ကို ဆင်းမယ်လို့ စိတ်ကူးနေတာလား၊ ဟားဟား... လောက ကြီးမှာ အကြီးမားဆုံး ဟာသ ပဲ၊ စွန်က လူတစ်ယောက်ရဲ့ အလေးချိန်ကို ခံနိုင်ရည် ရှိမှာလား၊ သုံးနှစ် အရွယ် ကလေးလေး တောင် သိတယ်၊ ဟားဟားဟား..."

"ပညာမရှိတာက... တကယ်ကို ကြောက်စရာ ကောင်းတယ်။" စုန့်ချင်းရှုက မထီမဲ့မြင် ဖြင့် နှုတ်ခမ်းကို တွန့်လိုက်ပြီး နောက်လှည့်ကာ ဟွမ်ရုံကို ကြည့်လိုက်သည်။ "ရုံအာ... မင်း ငါ့ကို ယုံလား၊"

အမှန်တကယ်တော့ ဟွမ်ရုံ၏ စိတ်ထဲတွင် တွေးနေသည်မှာ ဝမ်ယန်လျန် ပြောသည့်စကားများနှင့် အတူတူပင် ဖြစ်သည်။ သို့သော် စုန့်ချင်းရှု၏ ကြည်လင် ပြတ်သားပြီး ယုံကြည်မှု အပြည့် ရှိနေသော မျက်လုံးများကို မြင်လိုက်ရသောအခါ၊ သူမ အလိုအလျောက် ခေါင်းညိတ်လိုက်မိသည်။ "ယုံတယ်။"

"ဒါဆိုရင် ကောင်းပြီ၊ တင်းတင်း ကိုင်ထားနော်၊"

စုန့်ချင်းရှူက ဟွမ်ရုံ၏ လက်ကို ဆွဲကာ ဂလိုက်ဒါ၏ သုံးထောင့်တိုင်တွင် ကိုင်ထားစေပြီးနောက်၊ ဘေးရှိ ချောက်ကမ်းပါး၏ မတ်စောက်သော ကုန်းဆင်း တစ်ခုမှ အောက်သို့ ပြေးဆင်းသွားတော့သည်။

"အား!!!!!!"

စုန့်ချင်းရှူက သူမကို ဆွဲကာ ချောက်ကမ်းပါး အောက်သို့ ခုန်ချလိုက်သည်ကို မြင်သောအခါ ဟွမ်ရုံ လန့်ပြီး မျက်စိမှိတ်ကာ စူးစူးဝါးဝါး အော်ဟစ်လိုက်မိတော့သည်။

"ဟော့... ဟော့... ဟော့... မင်း ဆက်အော်နေရင် ငါ့ နားစည်တွေ ပေါက်ထွက်တော့မယ်၊ မင်းက သူဖုန်းစားဂိုဏ်းရဲ့ ဂိုဏ်းချုပ်ဖြစ်နေပြီးတော့... တုံ့ပြန်ပုံက ရှန်းရှိနဲ့ တစ်ပုံစံတည်း ပဲ၊" ထိုအချိန်မှာပင် နားနားမှ ရင်းနှီးကျွမ်းဝင်သော အသံတစ်ခု ရုတ်တရက် ထွက်ပေါ်လာတော့သည်။\

***